# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ

## ကြေညာချက်အမှတ်၊ ၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်

(၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်)

**"ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများအတွက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများဖွဲ့စည်းခြင်း"**

၁။ ခေတ်အဆက်ဆက် အမြစ်တွယ်ရှင်သန်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကို လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းအောင်မြင်နိုင်မည်မဟုတ်ဘဲ နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာမှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ အလားတူ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ဤမျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံပထမအစည်းအဝေးကို ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၃ ရက်နေ့အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံပထမအစည်းအဝေးမတိုင်မီနှင့် အစည်းအဝေးကျင်းပပြီး နောက်ပိုင်းကာလများတွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်များ ပြန်လည်သုံးသပ်ခဲ့ပြီး ယင်းဆွေးနွေးပွဲများ၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသာမက လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ဖိတ်ကြားတက်ရောက်စေခဲ့ပါသည်။ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရေးအတွက် အရေးကြီးလှသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးကိုလည်း ဦးစားပေး ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၃။ နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆွေးနွေးပွဲများ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်ဆိုင်ရာဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစိုးရ၊ လွှတ်တော်နှင့်တပ်မတော် အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရာတွင် အရေးကြီးလှသောမူဘောင်များနှင့် လုပ်ငန်းလမ်းညွှန်များကို ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီမှ သဘောတူဆုံးဖြတ်နိုင်ခဲ့ပါသည်။

၄။ ယခုအခါ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ မူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ လူမျိုးကို အခြေခံသည့် အမျိုးသား

အဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ကရင်ပြည်နယ်တွင်လည်းကောင်း၊ ဒေသကို အခြေခံသည့် အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီးတွင် လည်းကောင်း၊ အကြောင်းအရာကို အခြေခံသည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ (CSO Forum)ကို နေပြည်တော်ကောင်စီနယ်မြေ တွင်လည်းကောင်း စတင်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်ရေး ကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစုအဖွဲ့မှ အဆိုပြုတင်ပြလာသော ကိုယ်စားလှယ်များ၏ အမည်စာရင်းများကိုလည်း ဒုတိယဥက္ကဋ္ဌ (၃) ဦးက သဘောတူထောက်ခံကြောင်း ထပ်ဆင့်တင်ပြလာခဲ့ပါသည်။

၆။ သို့ပါ၍ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က) **ကရင်ပြည်နယ်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးမင်းတင်ဝင်း | (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) |
| (၂) | ဗိုလ်မှူးကြီး တင်ထွဋ်ဋ | (တပ်မတော်) |
| (၃) | ဒေါ်နန်းသန်းသန်းလွင် | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | ပဒိုစောရွှေမောင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | နော်ကပေါ်ထူး | (တိုင်းရင်းသာလက်နက်ကိုင်) |
| (၆) | စောစိန်ဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးစောဇထွဋ်လှိုင်ထွေး | (နိုင်ငံရေးပါတီ) |
| (၈) | ဦးစောမြင့်ဦး | (နိုင်ငံရေးပါတီ) |
| (၉) | ဦးစောထွန်းအောင်မြင့် | (နိုင်ငံရေးပါတီ) |

(ခ) **တနင်္သာရီတိုင်းဒေသကြီးအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးစောလုကာ | (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) |
| (၂) | ဗိုလ်မှူးကြီးမောင်မောင် | (တပ်မတော်) |
| (၃) | ဒေါ်တင်တင်ရီ | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | ပဒိုဆာပီးတုတ် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | ပဒိုဘီးလယ် | (တိုင်းရင်းသာလက်နက်ကိုင်) |
| (၆) | ပဒိုဖလော့စိုးဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးကင်းရှိန် | (နိုင်ငံရေးပါတီ) |
| (၈) | ဦးကျော်ကျော် | (နိုင်ငံရေးပါတီ) |
| (၉) | ဦးခင်မောင်မြင့် | (နိုင်ငံရေးပါတီ) |

(ဂ) **နေပြည်တော်ကောင်စီနယ်မြေအမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးအောင်မြင်ထွန်း | (နေပြည်တော်ကောင်စီဝင်) |
| (၂) | ဗိုလ်မှူးကြီးသိန်းဇော် | (တပ်မတော်) |
| (၃) | ဦးမျိုးဇော်ဦး | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | ပဒိုစောကွယ်ထူးဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၆) | ဦးမျိုးဝင်း | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးဝင်းထိန် | (နိုင်ငံရေးပါတီ) |
| (၈) | ဦးခင်မောင်ဌေး | (နိုင်ငံရေးပါတီ) |
| (၉) | ဦးမြင့်ဦး | (နိုင်ငံရေးပါတီ) |

၇။ အပိုဒ် (၆) ပါ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီများသည် နိုင်ငံရေးဆွေးနွေးမှုမူဘောင်ပါ ဤပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သော ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာလုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်စေရေးတို့အတွက် ကြီးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) အောင်ဆန်းစုကြည်

ဥက္ကဋ္ဌ

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ

စာအမှတ်၊ ၁၃၁ (၀၁) / ၆ / ၂၀၁၆ (ဂဂ၁)

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်